# ကြယ်စင်မှူးဝေ

သက်ရင့်နှင်းဆီ



# အခန်း(၁)

**"ယမုန်ခ"**

ဒဂုံတက္ကသိုလ်ရဲ့ အင်္ဂလိပ်စာ နောက်ဆုံးနှစ် ကျောင်းသူ။ ရွှေရေး ပန်းဆက် နေရတဲ့ သူဌေး သမီးလေး မဟုတ်ပေမဲ့ ကိုကိုကြီးနဲ့ မေမေ့ရဲ့ မေတ္တာရိပ်အောက်မှာ နေမထိ လေမထိ နေခဲ့ရသူမို့ထင့်...

ဖြူစင်ဝင်းနှစ်သည့် အသားအရေနှင့် မျက်နှာလှလှလေးမှာ ကိုယ်လုံးသွယ်သွယ် ပြည့်ပြည့် လေးနှင့် ပေါင်းစပ်လိုက်တော့ ယမုန်ဆိုတာ မိန်းမချောလေး တစ်ယောက်ပေါ့။

တည်ငြိမ်အေးဆေးစွာ နေတတ်ပြီး ဝတ်ပုံစားပုံက ခပ်မှိန်မှိန် လေးတွေမို့ ပေါ်ပြူလာ မဖြစ်ပေမဲ့ ကြည့်သော သူတွေကတော့ မြင်မှာ ပါပဲ။

သည် နေ့လည်း ခါးထိရှည်သည့် ဆံနွယ်တွေကို ရိုးရိုးလေးပင် ကျစ်ဆံမြီး တစ်ချောင်းတည်း ထိုးကာ ချည်ထည် အစိမ်းနု ဝမ်းဆက်လေးလောက် ဝတ်ထားပေမဲ့ သူငယ်ချင်းသုံးယောက် လမ်း လျှောက်ပြီး ကားဂိတ်သို့ ပြန်လာကြသည့် အနက် ယမုန့်အနားမှာ ကောင်လေး တစ်ယောက်က ကပ်လိုက်လို့ ။

**"မြတ်သစ်ဘုန်း"**

ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်ပြီး မိန်းကလေးတွေကို ထည်လဲတွဲချင်သူ။ ဒီလိုလူစားမျိုးက ယမုန့်ကို ရောကော သောကောထဲထည့်ပြီး

လိုက်နှောင့်ယှက် နေတာကတော့ ဒေါသဖြစ်ချင်စရာ။

ယမုန့် သူငယ်ချင်းများ ဖြစ်သည့် ဒေဝီနှင့် ပုလဲမှာ လည်း ကူရန်တွေ့ ရတာ မောလို့ ။ ဒီကောင် သူ့ကိုနှောင့်ယှက်နေတာ တစ်လလောက်ရှိပြီ လေ။ ဘေးလူတွေ ဘယ်လိုပြောပြော၊ အနေအေးသည့် ယမုန့်ပါးစပ်မှ ခါးခါးသီးသီး စကားတွေ မထွက်လာလို့ လား မသိ၊ မြတ်သစ်ဘုန်း မဖြုံ ။

သည် နေ့တော့ ဥစ္စာရင်လို ဥစ္စာရင်ခဲ၊ ယမုန် သူ့ကို သေသေချာချာ ပြောရတော့မည်။ နို့မို့ ကိုကိုကြီးနှင့် တိုးလျှင် မလွယ်။

ယမုန့်ထက် အသက်ငါးနှစ်လောက် ကြီးပေမဲ့ ကိုကိုကြီးဟာ ယမုန့် အတွက်တော့ ဖခင် တစ်ဦးသဖွယ်။ ဆယ်တန်း အောင်ပြီးကတည်းက ညီမအတွက်ငဲ့ကာ၊ ကျောင်းလည်း ဆက်မတက် နိုင်ရှာပဲ အဝေးသင်နှင့် သာ ဘွဲ့တစ်ခုရသူ။

ယခုလည်း ယမုန်တို့ သားအမိကို လုပ်ကိုင်ရှာဖွေ ကျွေးနေရှာသည့် ကိုကိုကြီး "**ရဲမာန်ခ**"ကို ယမုန် စိတ်မဆင်းရဲစေချင်ပါ။

"ညီမလေး၊ ပညာရှာချိန်မှာ ပညာကိုပဲ အပတ်တကုတ်ကြိုးစား၊ ကို ကိုကြီးကတော့ ကိုယ့်ညီမလေးကို တက္ကသိုလ်မှာ ပဲ ကျူတာလေး ဘာ လေးဖြစ်ဖြစ်၊ နောက် ကထိကတွေ ဌာနမှူးတွေ ဖြစ်စေချင်တာ၊ မာစ တာတက်ရအောင် ကြိုးစား"

"အင်းပါ... ကိုကိုကြီးရဲ့ ၊ ယမုန် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ ရည်းစားတွေ ဘာတွေလဲ မထားပါဘူး။ ယမုန် ကိုကိုကြီးနဲ့ မေမေ့ကို ပြ န်ပြီးလုပ်ကျွေးမှာ ပါ။ ကိုကိုကြီးမှာ တစ်နေ့တစ်နေ့ ကားမောင်းရတာ အရမ်းပင်ပန်းနေပြီ။ ညီမလေးကတော့ ယောက်ျားမယူဘူး၊ ကိုယ့်

အစ်ကိုနဲ့ အမေကိုပဲ ပြုစုလုပ်ကျွေးမှာ "

"မိချွဲလေး... အပိုတွေ လျှောက်ပြောနေ"

"တကယ်ပါ ကိုကိုကြီးရဲ့ ၊ ကတိ... ကတိ၊ ယမုန် ဘယ်တော့မှ ယောက်ျားမယူဘူး။ ကိုကိုကြီးနဲ့ မေမေ့ကို ပစ်မထားခဲ့ဘူး"

တစ်နေကုန် တက္ကစီ မောင်းနေရရှာသည့် အစ်ကို့ကို သတိရသွားမိတော့ ခေတ်ပေးဒီဇိုင်းနှင့် ဘယ်ကောင်လေးကိုမှ ယမုန် ကြည့်မရတော့ပါ။ ခေတ်ပေါ် ယောကျ်ားလေးတွေရဲ့ အချစ်ဆိုတာလည်း ကြောက်စရာမဟုတ်ပါလား။

အာဒမ်နဲ့ ဧဝလို အချစ်...

ရိုမီယိုနဲ့ ဂျူးလိယက်လို အချစ်...

ရှင်မွေ့လွန်းနဲ့ မင်းနန္ဒာလို အချစ်မျိုးတွေ ဆိုတာကလည်း ရာဇဝင်ထဲမှာ ပဲ ရှိကြတာပါ။

ရာဇဝင်ထဲမှာ ပဲ အချစ်ကို ထားရစ်ကြတာပေါ့၊ ယခုခေတ် ချစ်သူစုံတွဲတွေ ကောင်လေးတွေကို ယမုန်တို့ မြင်နေကြရသားပဲ။

မိဘတွေက ကောလိပ်ထား၊ ပညာသင်ကြစေပေမဲ့ သူတို့ တွေကတော့ ပေးလားဝါးလားနှင့် ။ ကောင်မလေးတွေကို လိုက်ကြိုက်၊ မရတော့ တစ်မျိုးပြော၊ ရတော့လည်း ချစ်သူပါမစ်ကို အသားကုန် အသုံးချချင်တတ်ကြသူ။

နတ်မောက်အနီချို ရေးသားတဲ့ ဆောင်းပါးထဲကလို မိန်းကလေးတွေ သတိချပ်စရာ၊ အင်းယားကန်စောင်းက ချုံပုတ်တွေနားမှာ ကွန်ဒုံးတွေ စွန့်ပစ်ထားတာ မြင်မကောင်း ရှုမကောင်း ဆိုတာလေ။

သည် တော့ ယမုန်ဟာ ခဲမှန်မှာ ကြောက်တဲ့ စာသူငယ်မလေးလို့ ပဲ ပြောပြော၊ ဘယ်ကောင်လေး ကိုမှ မယုံ။ အထူးသဖြင့် မြတ်သစ်ဘုန်းလို ရေပေါ်ဆီတွေကို ပိုပြီးတော့တောင် မယုံ။

အလကား... မင်းသားခေါင်း ဆောင်းထားတဲ့ ဘီလူးတွေ။ အချစ်ဆို တာ ရာဇဝင်ထဲမှာ ပဲ ရှိတယ်။ သမိုင်းထဲမှာ ပဲ ရှိတယ်။

ယခုလည်း မြတ်သစ်ဘုန်းက မင်းသားခေါင်း ဆောင်းထားတဲ့ ရုပ်နှ င့် ယမုန့်ရှေ့မှာ နောက်ဆုတ် နောက်ဆုတ်သွားရင်း ပြုံးပြအရေးဆိုလို့ ။

"ခဏလောက် နေပေးပါဦး ယမုန်၊ ယမုန်ဟာ လူဆိုရင် ကိုယ့်ကို လည်း လူ့အခွင့်အရေး လေးတော့ ပေးသင့်ပါတယ်"

"ဘာဆိုင်လို့ လဲ"

"ယမုန့်ကို ကိုယ်လိုက်ပြီး ချစ်ခွင့်ပန်နေတာ ဒီနေ့ဆို တစ်လတောင် ပြည့်ပြီလေ။ ကိုယ့်ကို အချိန်တွေ သိပ်အားနေတယ်လို့ များ မှတ်ထင်နေ သလား"

"အံမယ်... ရှင့်ကို ဘယ်သူက အလုပ်တွေပေးနေလို့ လဲ"

"ကိုယ့်အသည်းလေးကလေ၊ ကိုယ့်အသည်းလေးက ယမုန့်ကိုမရရင် သေလိမ့်မယ်ဆိုလို့ ခုလို အချိန်အကုန်ခံပြီးတော့ တကောက်ကောက် လို က်နေရတာ"

အနားမှ ကြားနေရသည့် ဒေဝီနှင့် ပုလဲမှာ မနေနိုင်။ ယမုန်က ခပ်အ အ၊ တော်ကြာ ဒီကောင့် စကားနောက် ပါသွားလို့ ကတော့ သံသရာ ကြော မျောပြီသာမှတ်။

"နင့် အရင်ရည်းစားတွေ ဝိုင်းရိုက်လို့ ငါ့သူငယ်ချင်း အရိုးတခြား အ သားတခြား ဖြစ်ကုန် ဦးမယ်"

"ဟုတ်တယ်... ဟုတ်တယ်... နင့်ရည်းစားတွေက လွယ်တာ မဟုတ်ဘူး ။ ငါတို့ က ဘဝသမား တွေပါ။ ကျောင်းတက်နေတာ အပျော်တက်နေတယ်များ ထင်သလား"

"ငါ့ဘာသာ ယမုန့်ကိုပြောနေတာ၊ ချစ်ခွင့်ပန်နေတာ။ နင်တို့ နဲ့ ဘာဆိုင်သလဲ။ နင်တို့ အဲဒါကြောင့် ဘယ်သူမှ မကြိုက်တာ"

"အောင်မာ... ငါတို့ က ကိုယ့်သူငယ်ချင်း ဒုက္ခရောက်မှာ မကြည့်ရက်လို့ ဝိုင်းပြောနေရတာ"

"သူ့ မှာ ဦးနှောက်ရှိတယ်၊ ပါးစပ်ရှိတယ်၊ နင်တို့ က ကြားထဲကနေပြီး ဆေးရိုးသည် ဝင်မလုပ်ချင်ပါနဲ့ "

သူငယ်ချင်းနှစ်ယောက်နှင့် မြတ်သစ်တို့ အကြိတ်အနယ် စကားများနေကြတော့ ယမုန် စိတ်ကိုတင်းပြီး သူနှင့် စာရင်းရှင်းဖို့ ပြင်လိုက်သည် ။ နို့မို့ သူ့ကိုကြိုက်လို့ ငြိမ်နေတယ်ထင်ဦးမည်။

"ဒါဆိုလည်း ပြောရတာပေါ့၊ ဒီမှာ မြတ်သစ်၊ ငါဘယ်သူ့ကိုမှ မချစ်တတ်ဘူး။ ငါ့အမေနဲ့ အစ်ကို ငါ့သူငယ်ချင်းတွေ ဒါပဲ ငါ့ခေါင်းထဲမှာ ရှိတယ်။ တခြား ဘာအကန့်မှ ငါ့မှာ မရှိဘူး။ ဒါကြောင့် နင် ငါ့ကို နောက်လာပြီး မနှောင့်ယှက်ပါနဲ့ ။ ခုဆို စာမေးပွဲကြီးလည်း နီးပြီ၊ ကျောင်းတွေပိတ်တော့မယ်၊ ငါတို့လို ဘဝသမားတွေအတွက် ပညာရေးသာ အဓိကပဲ "

ယမုန် တည်ငြိမ်ပြတ်သားစွာ ပြောချလိုက်ပေမဲ့ မြတ်သစ်ဘုန်းကတော့ မမှု။ ပခုံးတွန့် လက်ဖြန့်ပြီး မင်းသားဟန်အပြည့်နှင့် ...

"နှလုံးသားဆိုတာ ပိတ်ဆို့ထားလို့ မရဘူးလေ၊ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမှာ ပဲ၊ ဒါ ဓမ္မတာပဲ။ ယမုန်ရယ်... ကိုယ့်လိုလူကိုများ မင်းမို့

ငြင်းရက်တယ်"

"ဘာလဲ၊ ကားနဲ့ ကျောင်းတက်လို့ လား။ နင့်ကို ဘာမှ မဝေဖန်ချင်ဘူး။ ဒါပေမဲ့ ငါလုံးဝ စိတ်မဝင်စားဘူး၊ နောက်ထပ် လိုက်ပြီး နှောင့်ယှက်မယ်ဆိုရင် မော်ကွန်းထိန်း သွားတိုင်ပြီး အရေးယူ ခိုင်းမယ်။ ဒါပဲ"

"ယမုန်..."

"ဘာလဲ၊ နင်က ငါမူနေတယ် ထင်လို့ လား။ ငါဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး။ ငါ့ခေါင်းထဲမှာ စာပဲရှိတယ်"

"မြတ်သစ်... သွားတော့၊ ဟိုမှာ ယမုန့်အစ်ကို လာနေပြီ။ နင့်မှာ ပေါပါတယ်၊ နောက် တစ်ယောက်သာ ပြောင်းကြိုက်လိုက်တော့"

"တောက်..."

မြတ်သစ် မကျေမနပ်နဲ့ လှည့်ပြန်သွားတော့လေမှ သူမတို့ သုံးယောက် ရှေ့ဆက်လျှောက် လာခဲ့ကြသည် ။ ယမုန့်ရဲ့ ကိုကိုကြီး ရဲမာန်ခကို ဒေဝီနှင့် ပုလဲလည်း ခင်မင် လေးစားကြသည် မို့ သူ့မျက်နှာ တည်တင်းနေတော့ သုံးယောက်လုံး နေစရာမရှိ။ ဒေဝီက သွားလေးဖြဲပြရင်း...

"အဟဲ... ကိုကိုကြီး ယမုန့်ကို လာကြိုနေတာလား"

" မဟုတ်ဘူး ၊ ပါစင်ဂျာရလို့ ပို့ရင်း ဝင်လာတာ။ လာလေ... ကိုကိုကြီး တစ်ခါတည်း လျှောက်ပို့ပေးမယ်"

"နေပါစေ ကိုကိုကြီးရယ်၊ လမ်းချင်းက တခြားစီပဲ။ ယမုန့်ကိုသာ တင်သွားပါ"

ပုလဲ ပြောလိုက်တာလည်း အမှန်။ သူတို့ နေကြတာက တစ်နေရာစီမဟုတ်လား၊ ရဲမာန်ခ ယမုန့်ကိုတင်ပြီး ကားမောင်းထွက်ခဲ့၏။ တစ်

လမ်းလုံး ကိုကိုကြီးက ဘာစကားမှ မပြောသည့် မို့ ယမုန် ငြိမ်ကုပ်နေရင်း ကိုယ့်အစ်ကိုကို ခိုးကြည့်မိသည် ။

မြင့်မားသော အရပ်နှင့် ယောက်ျားပီသ ချောမောသော ရုပ်ရည်၊ အသက်အစိတ်သာ ရှိသေးပေမဲ့ ကိုကိုကြီးဟာ ဘဝသမားမို့ တည်ကြည်လေးနက်သည် ။ သူ့ရဲ့ မျက်ခုံး မျက်လုံးတွေ နှာတံတွေက ချောမောနေပေမဲ့ ပင်ပန်းစွာ ငွေရှာနေရသူမို့ ညိုသောအသားအရေက ကိုကိုကြီးရဲ့ ရုပ်ကို လျော့စေ သည် ထင့်။

"စောစောက ကောင်က ဘယ်သူလဲ"

အပြစ်ပေ့ါမလားရယ်လို့ ယမုန် ညာမိသည် ။

"သူငယ်ချင်းပါ ကိုကိုကြီးရဲ့ "

"သူငယ်ချင်းကလည်း သရုပ်ပျက်နေတာပဲ၊ နင့်ရှေ့က ကာဆီးကာဆီးနဲ့ လေ"

"ဩော်... အတန်းထဲမှာ သူမကျေနပ်တာရှိလို့ လိုက်ရန်လုပ်နေတာပါ ကိုကိုကြီးရဲ့ "

"အေး... အဲဒါရော လူမြင်ကောင်းရဲ့ လား။ ဒီမှာ မိယမုန်၊ နင့်ကို ငါ ဘာပြောထားလဲ"

"ယောက်ျားလေးသူငယ်ချင်း မထားရဘူးလို့ ပြောထားတာပါ။ ဒါပေမဲ့ ခုခေတ်က မေမေတို့ ခေတ်ကလို မဟုတ်တော့"

"တော်... မိယမုန် နင် ဘာမှ ဆင်ခြေတွေ ပေးမနေနဲ့ ။ ယောက်ျားလေးတွေနဲ့ ဒွေးရော ယှက်တင်နေတာ ငါမကြိုက်ဘူး။ ပုံမှန်မေးထူးခေါ်ပြောလောက်က ရတယ်။ နင် ယောက်ျားတွေ အကြောင်း ဘာသိလို့ လဲ၊ ငါက တက္ကစီမောင်းသမား ကားသမားလုပ်မှ ယောက်ျားတွေ

အကြောင်း ပိုသိလာရတယ်။ ဒီမှာ ယမုန် နင် ကိုယ့်ပညာကိုယ်သင်ပြီး ကိုယ့်ဘဝကိုယ် အေးအေးဆေးဆေး ကျော်ဖြတ်နေတာ မကျေနပ်ဘူး လား"

"ကိုကိုကြီးကလည်း ယမုန် ရည်းစားမထားပါဘူး"

"အေး... ထားရင်လည်း ငါသတ်ပစ်မယ်။ မအေနဲ့ အစ်ကိုက ကိုယ့်ဘဝတွေ စတေးပြီး နင့်ကို လှလှပပ ယုယုယယလေး ထားတာကိုမှ မလိမ္မာရင် ငါနဲ့ တွေ့မယ်"

ကိုကိုကြီး စိတ်တွေဆိုးနေတော့ ယမုန် မြတ်သစ်ကို လှမ်းပြီး မေတ္တာပို့မိသည် ။

ခွေးသူတောင်းစား၊ သူ့ကြောင့် ငါအဆူခံနေရတယ်။ ရည်းစားတွေ တစ်လှေကြီးထားပြီး လူတကာ လိုက်ရှုပ်နေတဲ့ မြတ်သစ်လို လူမျိုးကို သူမတို့ မိန်းကလေးတွေ အားလုံး သပိတ်မှောက်မှ ရပေမည်။

****

# အခန်း(၂)

ဆင်းရဲသားရပ်ကွက်...

လူနေအိမ်တွေ ကျပ်တောက်ပြီး လူဆင်းရဲတွေ စုနေတဲ့ ရပ်ကွက်လေးပါ။ သစ်သားအိမ်လေး တစ်လုံးကို  သူတို့ မိသားစု သုံးယောက် ငှားနေကြပါသည် ။ ရပ်ကွက် ဈေးလေးနဲ့ လည်း နီးပါသည် ။ ကျောက်မြောင်းထဲမှာ ပါပဲ။

မောင်နှမယောက် ခါတိုင်းလို ဆူဆူညံညံ မရှိကြဘဲ အသံတိတ်ဆင်းလာကြတော့ သူမတို့ မိခင် ဒေါ်ညိုညိုဆင့် တစ်ယောက် သားနဲ့ သမီးကို အကဲခတ်လိုက်သည် ။

"မောင်နှမတွေ ဘာဖြစ်လာကြပြန်သလဲ"

"အလကား မေမေ၊ ကိုကိုကြီးရယ် စိတ်ပုပ်နေတာ"

ကိုယ့်ကို ဖော်ကောင်လုပ်မှာ စိုးလို့ ယမုန် ဦးအောင် တိုင်လိုက်ရင်း ကိုယ့်အိပ်ခန်းလေးထဲဝင်၊ လွယ်အိတ်ကို တိုင်မှာ ချိတ်လိုက်သည် ။ မေမေကတော့ သူ့သားကို ရေအေးအေး တစ်ခွက်တိုက်၊ အင်္ကျီတွေ ကူချွတ်ပေးလို့ ။

"မေမေ ဒီနေ့ ဂျူးမြစ် ချဉ်ရည်ဟင်းနဲ့ ငါးကလေးအိုးကပ် ချက်ထားတယ် သားရဲ့ "

"ကောင်းတာပေါ့ မေမေ"

"သား ရေချိုးလိုက်တော့၊ မေမေ ထမင်းပွဲပြင်ထားမယ်"

"ဟုတ်ကဲ့ပါ မေမေ၊ ဟိုကောင်မလေးရော"

"မိသားစုလေး သုံးယောက်ရှိတဲ့ ဟာ၊ အတူတူစားရမှာ ပေါ့ သားရယ်။ ညီမလေး မလိမ္မာတာ ရှိလည်း သားက ရိုက်ပစ်လိုက်နော်။ စိတ်တော့ ခုမနေပါနဲ့ ကွယ်"

သည် စဉ် နောက်မှ ရေချိုးမလို့ ထွက်လာသည့် ယမုန်က မအေ့ခါးကိုဖက်ကာ...

"ဟာ... မေမေကလည်း ကိုကိုကြီးကို မြှောက်ပေးနေပြန်ပြီ။ ဟိုက နဂိုကတည်းကမှ ရိုက်ချင်နေရတဲ့ အထဲ"

"သမီး မလိမ္မာရင် ကိုကိုကြီးက ဆုံးမရမှာ ပဲလေ၊ မေမေမှ အိမ်ပြင်မထွက်အားဘဲ။ မေမေ့မှာ ထမင်းဟင်း ချက်ရတာနဲ့ ၊ စက်ချုပ်ရတာက တစ်ဖက်"

"ကဲပါ မေမေရယ်၊ ယမုန်လည်း ခုနောက်ဆုံးနှစ် ရောက်နေပါပြီ။ စာမေးပွဲဖြေဖို့ ပဲ တစ်လလောက် ရှိတော့တာ။ အားတင်းထားလိုက်ပါဦး ။ သမီး ကျောင်းပြီးရင် မေမေ့ကို အများကြီး ကူမှာ ။ ကိုကိုကြီးကိုလည်း ရှယ်ပြုစုမှာ "

"ဒါပဲ... အပြောကတော့ နတ်ကတော်"

"ကိုကိုကြီးကျမှ နတ်ကတော် ဖြစ်ရတော့တယ်"

"ကဲကဲ... သားရော သမီးရော ရေချိုးကြတော့။ မေမေ ထမင်းပွဲပြင်ထားမယ်"

"ဟုတ်ကဲ့ မေမေ၊ ယမုန် အရင်ချိုးမယ်"

အိမ်မှာ ရေချိုးခန်းရယ်လို့ ရှိတာမဟုတ်။ အိမ်နောက်ဘက်မှာ သွပ်ပြားလေး(၃)ဘက်ကာပြီး တိုင်ကီလေးတစ်လုံး ထည့်ထားရုံ၊ သည်တော့ မောင်နှမနှစ်ယောက် တစ်လှည့်စီ ချိုးရမည်။ ဒါကို ကိုကိုကြီးက ...

"ဟာ... ယမုန်မ၊ နင်က ကြာတယ်။ ငါက မြန်တယ်။ ငါအရင်ချိုးမယ်"

"အမယ်... ကိုကိုကြီး ဗိုလ်မကျနဲ့ ၊ ယမုန်က ကြာတော့ အရင်ချိုးမှ ဖြစ်မှာ ပေါ့။ ဒါမှ သနပ်ခါး လိမ်းတာနဲ့ ဘာနဲ့ ကိုကိုကြီးနဲ့ အတူ ပြီးမှာလေ၊ ဘာလဲ... ကိုကိုကြီးက ယမုန်နဲ့ အတူ ထမင်း မစားချင် ဘူးလား"

"ကဲပါ... ချိုးပါ ချိုးပါ မယ်မင်းကြီးမရယ်၊ ကဲ... ရော့ ဒီအဝတ်ကလေးတွေပါ လျှော်လိုက် ပါဦး"

သည် နေ့ ဝတ်စားထားသည့် ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီလက်တိုအနက်ကွက်ကြီးကြီးကို လှမ်းပေးလျှင် ယမုန်က လှမ်းယူလိုက်သော်လည်း ...

"နောက်ဆုံးကျ ယမုန်အသုံးဝင်တာ ကိုကိုကြီး သိပြီမဟုတ်လား"

"သိပါပြီခင်ဗျာ သိပါပြီ၊ ကဲ... ရေမြန်မြန်ချိုး မြန်မြန်အဝတ်လျှော်၊ အအေးပတ်နေဦးမယ်"

"ယမုန်ပဲ... မြန်ပါတယ်"

အဝတ်တွေ အမြန်လျှော်၊ ရေအမြန်ချိုးတာကိုတောင် ယမုန် ရေချိုးတာ နာရီဝက်၊ ခေါင်းလည်း လျှော်လိုက်သေးတာကိုး။

"အဟဲ… ယမုန်ပြီးပြီ၊ ကိုကိုကြီးစောင့်နေရတာ တော်တော်ကြာသွားလား"

"နင့်ကိုစောင့်ရင်း အိပ်တာ တစ်ရေးရတယ်"

"ပိုပြီ"

"မြန်မြန် သနပ်ခါးလိမ်း အဝတ်လဲထား။ ငါတို့ သားအမိ နင့်ကို ထမင်းဝိုင်းမှာ ထပ်မစောင့် နိုင်ဘူး"

"စိတ်ချပါ၊ မစောင့်ရပါဘူး"

ယမုန် အဝတ်တွေလှန်းပြီး သနပ်ခါး အမြန်လိမ်း၊ အဝတ် အမြန်လဲရသည် ။ ဒါတောင် ကိုကိုကြီးက ထမင်းစားပွဲမှ လှမ်းအော်ခွင့် ရသွားသည် ။

"ယမုန်… ထွက်ခဲ့တော့၊ ငါတို့ သားအမိ ထမင်းဆာနေပြီ"

" လာပြီ… လာပြီ"

ယမုန်ခေါင်းဖြီးရင်း ထွက်လာတော့ ဆံပင်တွေက ရေစက်လက်။

"ဟယ်... ဒီကောင်မလေး၊ အအေးပတ်တော့မှာ ပဲ။ သွား… မျက်နှာသုတ်စောင် သွားယူ"

"ကိုကိုကြီးပဲ အသံဗြဲကြီးနဲ့ အော်နေပြီးတော့။ ထမင်းဆာတယ်ဆို၊ ထမင်း အရင်စားမယ်လေ၊ ပြီးမှ ခေါင်းရေသုတ်မယ်"

"မရဘူး… ရာသီဥတုက အေးနေတာ၊ တော်ကြာ အအေးပတ်သွားလိမ့်မယ်"

"ကဲပါ သမီးရယ် သွားယူ… သွားယူ"

မောင်နှမနှစ်ယောက် ကြင်နာနေတာကိုကြည့်ပြီး ဒေါ်ညိုညိုဆင့် ပီ

တိတွေဖြစ်ရသည် ။ သားနဲ့ သမီးဟာ တစ်ယောက်ကို တစ်ယောက် မ တွေ့မမြင်လျှင် မနေနိုင်။

ယမုန် မျက်နှာသုတ်စောင် ယူလာတော့ ကိုကိုကြီးက သေသေချာချာ ပင် ရေသုတ်ပေးနေ၏။ ယမုန်ကလည်း အောက်မှ တကျီကျီ။

"တော်ပြီ ကိုကိုကြီးရာ၊ ထမင်းဆာတယ်။ စားတော့မယ်။ ဟိုမှာ မေ မေလည်း ဆာနေပြီ"

သားအမိသုံးယောက် အတူတူစားနေကျမို့ လူမစုံလျှင် မစားတတ် ကြ။ ဒေါ်ညိုညိုဆင့် ထမင်းဝိုင်းလေးမှာ ထိုင်ပြီး သားနဲ့ သမီးကို စောင့် နေ၏။ ရေသုတ်လို့ စင်မှ နှစ်ယောက်အတူ ထမင်းဝိုင်းသို့ ရောက်လာ ကြသည် ။

"ဟား... ဟင်းလေးတွေကတော့ ကောင်းမယ့်ပုံပဲ"

"မေမေ့လက်ရာပဲဟာ၊ မကောင်းဘယ်ရှိပ့ါမလဲ"

ယမုန်ကတော့ အစားပုတ်မလေးပီပီ မေမေနှင့် ကိုကို့ပန်းကန်ထဲသို့ ဟင်းများ ဦးချပြီးသည် နှင့် အားပါးတရ စားတော့သည် ။

"ခွေးမလေး... ဖြည်းဖြည်းစား၊ နင်နေဦးမယ်"

"နင်ဘူး"

ထမင်းဝိုင်းလေးမှာ စကားတပြောပြောနှင့် သာယာစိုပြည်လာခဲ့ သည် ။

"မေမေ မေမေလည်း အရမ်းပိန်လာတယ်။ အလုပ်မလုပ်ပါနဲ့ တော့ မေမေရယ်။ သား ရှာကျွေးနိုင်ပါတယ်"

"ဒါတော့ဒါပေါ့ သားရယ်၊ ညီမလေး ကျောင်းစရိတ်၊ ဝတ်တာစား

တာတွေနဲ့ ဆိုတော့ မေမေလည်း ကူမှ ပေ့ါ။ ဒီကောင်မလေး ကျောင်းပြီး ရင် မေမေနားပဲ့မယ်ကွယ်"

"သူက မာစတာဆက်တက်ရင် တက်ရဦးမှာ မေမေရဲ့ ။ သူ့ကိုငဲ့မနေ နဲ့ ။ သားရှာကျွေးတာနဲ့ ပဲ ထိုင်စားပါတော့"

"သြော်... သားရယ်၊ ခုလည်း မေမေ အိမ်မှာ နေရင်း စက်ချုပ်တာ မ ပင်ပန်းပါဘူးကွယ်။ တစ်သက်လုံး လုပ်လာခဲ့တာဆိုတော့"

သားအမိနှစ်ယောက်က အကြင်နာတွေ ပြိုင်နေကြစဉ် ယမုန်က တော့ ချဉ်ဟင်းသောက်လိုက်၊ ငါးကလေးအိုးကပ်ကို စားလိုက်။

"ခွေးမလေး... ဝက်ပုပ်မ၊ သူ့မှာ ဘယ်သူ့အတွက်မှ ခေါင်းထဲမရှိဘူး"

ရဲမာန်ခ၊ ညီမကို ချစ်စနိုးနှင့် ခေါင်းပုတ်တော့ ယမုန့်လက်ထဲမှ ထမင်းလုတ်လေး ပြုတ်ကျ သွားရ၏။

"ကိုကိုကြီးနော်၊ သူများ စားနေတဲ့ ထမင်းလုတ်ကို ပုတ်ချတယ်"

"ချမှာ ပေ့ါ၊ ဒီမှာ မေမေ အရမ်းပိန်လာတာ နင် မစိုးရိမ်ဘူးလား။ န င့်မှာ လေ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တယ်။ မအေလည်း စိတ်ပူရမှန်း မသိ၊ အစ်ကိုလည်း စိတ်ပူရမှန်းမသိ"

"ပူသားပဲ၊ မေမေ့လည်း ပူတယ်။ ကိုကိုကြီးအတွက်လည်း ပူတယ်"

"ဘာပူတာလဲ၊ ပြောစမ်းပါဦး"

သားနှင့် သမီး စကားနိုင်လုနေတာကို ဒေါ်ညိုညိုဆင့်မှာ ပီတိဖြစ်သ ည့် အကြည့်နှင့် ကြည့်လို့ ။ တစ်နေ့လုံး အသိုက်မှ ထွက်ခွာသွားကြတဲ့ ငှ က်ကလေးနှစ်ကောင်၊ အိပ်တန်းတက်ရင်း တစ်ကောင့် တစ်ကောင် ဆိတ်နေကြသည့် နှယ်။ သားကတော့ သမီးကို ချစ်စနိုး စနေတာပါ။ ဒါ

ကို အငယ်ကလည်း နွဲ့ဆိုးဆိုးနေတာ။

"ပူတာပေါ့လို့ ၊ ကိုကိုကြီး ကားမထွက်နိုင်မှာ လည်း ပူတယ်၊ ကိုကိုကြီး မိန်းမယူသွားမှာ လည်း ပူတယ်။ ကိုကိုကြီးသာ ယမုန်တို့ သားအမိကို ထားခဲ့ပြီး မိန်းမနောက် ကောက်ကောက်ပါသွားရင် ညီမလေးတို့ တော့ သေပြီဆရာ။ အပြင့်ပြင့်... ပြောရင်းတောင် ဝမ်းနည်း လာပြီ၊ ရှာကျွေးမဲ့ ကိုကိုကြီး မရှိတော့ရင် ယမုန်တို့ ထမင်းမှန်မှန် စားရတော့မှာ မဟုတ်ဘူး "

မျက်နှာလေးမဲ့ပြီး ယမုန် သနားစဖွယ် မူယာမာယာတွေ များ ပြနေလျှင် ရဲမာန်ခ, ကိုယ့်ညီမကို တကယ်ပင် သနားသွားရသည် ။

"ကိုကိုကြီးက မိန်းမမယူဘူး၊ မေမေနဲ့ ညီမလေးကိုပဲ တစ်သက်လုံး ရှာကျွေးသွားမှာ "

"ကောင်းတယ်၊ ညီမလေးကလည်း ကိုကို့လုပ်စာကို တစ်သက်လုံး ထိုင်စားမှာ ၊ ယောကျ်ား မယူဘူး... အလကား။ အစ်ကို့မေတ္တာဆိုတာ အေးမြတယ်။ ယောကျ်ားမေတ္တာဆိုတာ အလကား။ ရိုက်လိုက်ပုတ်လိုက်နဲ့ "

"ခွေးမလေး... စားကောင်းသောက်ကောင်း ပြောနေ"

ရယ်ကျဲကျဲနှင့် ယမုန် ထမင်းစားလို့ ပြီးသွားတော့ ပန်းကန်တွေ၊ အိုးတွေ ဆေးကြော၊ သိမ်းဆည်းသည် ။ နောက် မီးပူတိုက်စရာရှိသည့် အဝတ်တွေကို မီးပူတိုက်၏။ ပြီးမှ စာကြည့်စားပွဲ ထိုင်သည် ။

မေမေက အင်္ကျီတွေ လက်ချုပ်လိုက်ရင်း ကြယ်သီးတပ်ရင်း လက်ဖက်ခွက်လေးနှင့် ရေနွေး ကြမ်းဘူးကို သူ့အနားမှာ ချထားပြီး သားနဲ့ သမီးကို အနားခေါ်စမြဲ။

"သားက တစ်နေကုန် ပင်ပန်းနေတာ။ လာ… သမီးက ကိုယ့်အစ်ကို ကို နည်းနည်းလောက် နင်းပေးလိုက်"

"ရတယ်… ရတယ်၊ ကိုကိုကြီးကို နင်းပေးရင်း စာကျက်မှာ ။ ပြီးရင် မေမေ့ကိုနင်းပေးမယ်"

မေမေကလည်း တစ်နေကုန် အညောင်းထိုင် နေရရှာသူ။ တကယ် ကို ယမုန် ကိုကိုကြီးကို နင်းပေးရင်း စာကျက်နေတော့ ရဲမာန်ခ ကြည် နူးရပါသည် ။ တစ်ဦးတည်းသော ညီမလေး။ ရုပ်ကလေးချော၊ သိပ်ချစ် စရာ ကောင်းနေတော့ အရမ်းချစ်နေတာ မဆန်း။ ချစ်စဖွယ် အမူအရာန ှင့် ချစ်စဖွယ် စကားလေးများကိုလည်း ဆိုတတ်ပါရဲ့ ။

မအေနှင့် အစ်ကို့ကို တကယ်လည်း ပြုစုရှာပါသည် လေ၊ ယခုလို နင်းပေးနှိပ်ပေးသည် ၊ အဝတ်အစားများကို လျှော်ပေး မီးပူတိုက်ပေးသ လို ကျောင်းအားရက်မှာ ဖွယ်ဖွယ်ရာရာလည်း ချက်ပြုတ် ကျွေးတတ်ပါ သေးရဲ့ ။

"ခွေးမလေး… ငါ့လည်း ချော်နင်းမိဦးမယ်"

"ဘာမှ မချော်ဘူး၊ ကိုကိုကြီး ဝမ်းလျားမှောက်နေတာပဲ၊ ဘယ်နေရာ စိုးရိမ်စရာရှိလဲ"

"ဟဲ့… ဒူခေါက်ကွေး၊ နင်းမိတော့ ကျိုးမှာ ပေါ့"

"မကျိုးဘူး ယမုန့်ဗလက ပေါင်တစ်ရာပဲ ရှိတယ်"

"နည်းလား၊ ပေါင်တစ်ရာကြီးတောင်"

"ကိုကိုကြီးက ပေါင်တစ်ရာ့လေးဆယ်လေ"

စာအုပ်ကိုဖွင့်ကျက်ရင်း ခြေထောက်က ကိုကိုကြီးကို အနင်းမပျက်။

ဒီလိုပဲ နင်းပေးနေကျကို အဆန်းလုပ်လို့ ။

"နင်ကတော့ အနှိပ်သည် လုပ်စားရင် ကြီးပွားဦးမယ်"

"ကိုကိုကြီးတစ်ယာက်လုံး ရှိနေတဲ့ ဟာ၊ အနှိပ်သည် လုပ်စရာလား"

"ငါသေသွားရင်ရော"

"အို... ဖွဖွ... မပြောကောင်း မဆိုကောင်း။ ကိုကိုကြီး သေသွားရင် ယမုန်လည်း လိုက်သေ မှာ ပေ့ါ"

"မေမေ့ကို ထားခဲ့မှာ လား"

"မေမေက ညီမလေးတို့ အရင် သေမှာ ပေ့ါ"

"အစ်ကို့ကို တယ်ချစ်နေပါလား၊ ဘာလဲ၊ လုပ်ကျွေးမဲ့သူ မရှိမှာ စိုးလို့ လား"

"အင်းပေ့ါ"

အိမ်ခန်းလေးထဲ ရယ်မောသံလေးများ နှင့် စိုပြည်နေတတ်တာ လည်း ယမုန်တို့ မိသားစုလေးရဲ့ အိမ့်ကျက်သရေပါ။ မေမေသုပ်ပေးတဲ့ လက်ဖက်ပန်းကန်ကို အလုအယက် စားကြရင်း ပျော်စရာ နေ့ရက် လေးများ ဟာ ကမ္ဘာတိုင် ရှည်ပါစေ။

*****